



THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1225 / 2017 Date 15 ,January 2017

This Permit is issued by the Myanmar Investment Commission according to the section 13 (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. KUO, CHUN-LIN

(b) Citizenship TAIWAN

(c) Address NO.156, SANMIN ROAD, DOULIU CITY, YUNLIN COUNTY 640, TAIWAN, REPUBLIC OF CHINA

(d) Name and Address of Principal Organization -

(e) Place of incorporation -

(f) Type of Investment Business MANUFACTURING AND MARKETING OF RUBBER WOOD BASED PRODUCTS

(g) Place(s) at which investment is permitted PLOT NO. 35^{KA} AND 35^{KHA}, SPECIAL ZONE (1), OAKTHAR WARD NO.9, BAGO TOWNSHIP, BAGO DISTRICT, BAGO REGION

(h) Amount of Foreign Capital US$ 2.16 MILLION

(i) Period for Foreign Capital brought in WITHIN (1) YEAR FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total Amount of Capital (Kyat) EQUIVALENT IN KYAT OF US$ 2.40 (INCLUDING US$ 2.16MILLION)

(k) Construction period 24 MONTHS

(l) Validity of Investment Permit 30 YEARS

(m) Form of Investment JOINT VENTURE

(n) Name of Company Incorporated in Myanmar YONG CHENG COMPANY LIMITED

15.1.17

Chairman

The Myanmar Investment Commission



THE REPUBLIC OF THE UNION OF MYANMAR

MYANMAR INVESTMENT COMMISSION

No.(1), Thitsar Road, Yankin Township, Yangon

Tel: 01-658127
Fax: 01-658136

Our ref : MIC-2/ FI-153/ 2017(076)
Date : 15 January 2017

Subject : **Decision of the Myanmar Investment Commission on the Proposal for " Manufacturing and Marketing of Rubber Wood Based Products " under the name of Yong Cheng Company Limited**

Reference: Yong Cheng Company Limited Letter dated (19-8-2016)

1. The Myanmar Investment Commission, at its meeting (1 /2017) held on (6-1 -2017) had approved the proposal for investment in "Manufacturing and Marketing of Rubber Wood Based Products" under the name of "Yong Cheng Company Limited" submitted as a joint venture between Mrs. Kuo, Lin Lee-Hsueh (50)%, Mr. Kuo, Chun-Lin (25)%, Mr. Kuo, Chun-Chih (15)% from Republic of China and U Kyi Than (10%) from the Republic of the Union of Myanmar.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to the Foreign Investment Law. Terms and Conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 30 (thirty) years commencing from the date of issuance of Myanmar Investment Commission's permit. The term of the Lease shall be initial 30 (thirty) years commencing from the date of signing of the Land Lease Agreement between U Chit Nyi Nyi (lessor) and Yong Cheng Company Limited (lessee) and extendable for 10 (ten) years in two times with the consent of the lessor subject to the approval of the Myanmar Investment Commission. On the expiry of the Lease Agreement, Yong Cheng Company Limited shall transfer the leased land and building to the lessor within three months in good condition, ground damages having been refilled and repaired.

4. The annual rent for the land shall be US$ 60,702.90(United States Dollar sixty thousand, seven hundred and two and ninety cent only), calculated at the rate of US$ 3 per square meter per year of the total land measuring 20234.30 square meters (5 acres). The rate of the rent shall be revised in view of prevailing land lease rate after every 5 (five) years and increase of the rent shall not be more than 10% of the preceding annual rent.

5. In issuing this "Permit," the Commission has granted the following exemptions and reliefs as per section 27 (a), (h), (i) and (k) of the Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:

(a) As per section-27(a), income tax exemption for a period of five consecutive years including the year of commencement on commercial operation;

(b) As per section-27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instrument, machinery components, spare parts and materials used in the business which are imported as they are actually required for use during period of construction of business;

(c) As per section-27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section-27(k), exemption or relief from commercial tax on the goods produced for export:

6. Yong Cheng Company Limited shall have to sign the Land Lease Agreement with U Chit Nyi Nyi. Mrs. Kuo, Lin Lee-Hsueh , Mr. Kuo, Chun-Lin , Mr. Kuo, Chun-Chih and U Kyi Than shall have to sign the Joint Venture Agreement. After signing such Agreements, (5) copies of each shall have to be forwarded to the Commission.

7. Yong Cheng Company Limited in consultation with the Company Division, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and

Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Yong Cheng Company Limited shall use its best efforts for timely realization of works stated in the Proposal. If none of such works has been commenced within one year from the date of issuance of this "Permit" it shall become null and void.

9. Yong Cheng Company Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be granted more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if Yong Cheng Company Limited cannot construct completely in time the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The investor or promoter shall apply the commencement date of commercial operation with Form (11) for their manufacturing business and report to the Commission in accordance with Foreign Investment Rule 97.

13. Yong Cheng Company Limited is prohibited from importing (if any) the same species of wood available in Myanmar.

14. Yong Cheng Company Limited shall endeavour to meet the targets for production stated in the proposal as the minimum target.

15. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of the Foreign Investment Law and the Yong Cheng Company Limited has to follow the existing Labour Laws for the recruitment of staff and labour in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

16. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37

of the Foreign Investment Law, it is compulsory to report as early as possible in the following manner:

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rules 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section-2(i) of the Foreign Investment Law, other than foreign currency.

17. Yong Cheng Company Limited brings in foreign capital defined under Chapter I, section-2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 16(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

18. Yong Cheng Company Limited has the right to make account transfer and expend the foreign currency from its bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the State and right to transfer back the equivalent amount of foreign currency from the foreign currency bank account of citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

19. Yong Cheng Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

20. Yong Cheng Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Natural Resources and Environmental Conservation in which to conduct an Initial

Environmental Examination (IEE) Process and an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity has to be prepared and submitted and to perform activities in accordance with this EMP and be abided by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

21. Yong Cheng Company Limited shall have to apply for private owned plantation areas of own consumptions to Forest Department, Ministry of Natural Resources and Environmental Conservation.

22. After getting permit from Myanmar Investment Commission, Yong Cheng Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

23. Yong Cheng Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipments.

24. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall be made out of the local sale or from export earnings of Yong Cheng Company Limited.

25. Yong Cheng Company Limited in consultation with Myanma Insurance, shall effect such types of insurance defined under Chapter XII, Rule 79 and 80 of the Foreign Investment Rules.

15.1.17

(Kyaw Win)
Chairman

Managing Director
Yong Cheng Company Limited

cc: 1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs

3. Ministry of Agriculture, Livestock and Irrigation
4. Ministry of Natural Resources and Environmental Conservation
5. Ministry of Electricity and Energy
6. Ministry of Labour, Immigration and Population
7. Ministry of Industry
8. Ministry of Commerce
9. Ministry of Planning and Finance
10. Office of the Bago Regional Government
11. Director General, Department of Agriculture
12. Director General, Department of Environmental Conservation
13. Director General, Department of Labour
14. Director General, Department of Immigration
15. Director General, Directorate of Industrial Supervision and Inspection
16. Director General, Department of Trade
17. Director General, Customs Department
18. Director General, Internal Revenue Department
19. Director General, Directorate of Investment and Company Administration
20. Director General, National Archives Department

ကုမ္ပဏီအမည် - Yong Cheng Company Limited

လုပ်ငန်း - ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်အခြေခံ ပရိဘောဂ ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာ လက်ခံရရှိခြင်း	၉-၈-၂၀၁၆		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (၃၀/၂၀၁၆) သို့ တင်ပြခြင်း	၁၅-၈-၂၀၁၆		
၃	အဆိုပြုလွှာလက်ခံကြောင်းစာ ပေးပို့ခြင်း	၂၂-၈-၂၀၁၆		
၄	သဘောထားမှတ်ချက် တောင်းခံခြင်း (က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ဂ) စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	 ၁-၉-၂၀၁၆ ၁-၉-၂၀၁၆ ၁-၉-၂၀၁၆	 ၁၇-၁၂-၂၀၁၆ ၅-၉-၂၀၁၆ ၂၇-၉-၂၀၁၆	
၅	မြေအသုံးပြုခွင့် တင်ပြခြင်း (က) ကော်မရှင်အစည်းအဝေး (၁၇/၂၀၁၆)သို့တင်ပြခြင်း (ခ) ပြည်ထောင်စုအစိုးအဖွဲ့၏ (၁၅/၂၀၁၆)သို့တင်ပြခြင်း	၉-၉-၂၀၁၆ ၁၀-၁၁-၂၀၁၆		
၆	MIC သို့ တင်ပြရန် ကုမ္ပဏီမှ အဆိုပြုလွှာ (၈)စုံ လက်ခံရရှိ	၂၂-၁၂-၂၀၁၆		
၇	**စုစုပေါင်း ကြာမြင့်ရက်**	၁၃၅ ရက်		

ကုမ္ပဏီအမည် - Yong Cheng Company Limited

အဖွဲ့အစည်းပုံသဏ္ဌာန် - ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

လုပ်ငန်းအမျိုးအစား - ရာဘာသစ်အခြေခံ ပရိဘောဂပစ္စည်းများထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း

တည်နေရာ - မြေကွက် အမှတ် ၃၅^က နှင့် ၃၅^ခ၊ အကွက်အမှတ် အထူးဇုန်(၁)၊ ဥသာ(၉) ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူးတိုင်းဒေသကြီးရှိ မြေ ၅ ဧက

စုစုပေါင်းရင်းနှီးမြှုပ်နှံမှု - အမေရိကန်ဒေါ်လာ ၂.၄၀ သန်း

လုပ်ငန်းသက်တမ်း - ကနဦး (၃၀)နှစ်နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်

အရင်းကြေကာလ - ၄ နှစ် ၄ လ

IRR - ၉.၆၆%

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်းလစာ(တစ်နှစ်)	၂.၁၆၀	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		၁.၁၆၅
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	၇၆.၄၂	-
၄	ဝင်ငွေခွန်	၅၄၄.၂၈	၇၄၁.၄၀၀
၅	ကုန်သွယ်လုပ်ငန်းခွန်	-	၆၆၇.၀၈၀
၆	လျှပ်စစ်မီးသုံးစွဲခ	-	၄၂၉.၁၀၀
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်	-	ဝင်ငွေခွန်ဥပဒေအတိုင်း ထမ်းဆောင်ပါမည်။
၈	CSR (၂%)		၉၂.၃၀၀
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်းဝန်ထမ်း ၂၂ဦး အလုပ်အကိုင်ရရှိမည် ဖြစ်ပါသည်။
၁၀	စုစုပေါင်း	၆၂၂.၈၆	၁၉၃၁.၀၄၅
၁၁	Cost : Benefit	၁ : ၃	

အကြောင်းအရာ။ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Yong Cheng Company Limited ရာဘာသစ်အခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/	- Yong Cheng Company Limited
	ကမကထပြုသူ	- Mr. Kuo, Chun Lin
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု Mrs. Kuo, Lin Lee-Hsueh မှ ၅၀ % (တရုတ်) Mr. Kuo, Chun-Lin မှ ၂၅ % (တရုတ်) Mr. Kuo, Chun-Chih မှ ၁၅ % (တရုတ်) ဦးကြည်သန်း မှ ၁၀ % (မြန်မာ)
	လုပ်ငန်းအမျိုးအစား	- ရာဘာသစ်အခြေခံပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ် ၃၅က နှင့် ၃၅ခ၊ အကွက်အမှတ် အထူး ဇုန်(၁)၊ ဥသ(၉)ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူးတိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဦးချစ်ညီညီ
	မြေအကျယ်အဝန်း	- ဧရိယာ ၅ ဧက၊ (၂၀၂၃၄.၃ စတုရန်းမီတာ)
၃။	မြေ ငှားရမ်းခနှုန်း	- တစ်နှစ်လျှင် US$ ၆၀,၇၀၂.၉၀ - တစ်စတုရန်းမီတာလျှင် US$ ၃.၀၀
	မြေငှားရမ်းကာလ	- ၃၀ နှစ် ၁၀ နှစ် ၂ ကြိမ်
၄။	လုပ်ငန်းသက်တမ်း	- ၃၀ နှစ်နှင့် သက်တမ်းတိုး ၁၀နှစ် ၂ကြိမ်
	တည်ဆောက်ရေးကာလ	- ၂၄ လ
၅။	စုစုပေါင်းမတည်ငွေရင်းပမာဏ	- US$ ၂.၄ သန်း

US$ (သန်း)

	ပြည်တွင်း	ပြည်ပ	စုစုပေါင်း
ငွေသား	၀.၂၄	၀.၁၅	၀.၃၉
စက်ပစ္စည်း၊ကိရိယာများ	-	၀.၈၀	၀.၈၀
ပရိဘောဂပစ္စည်းများ	-	၀.၀၁	၀.၀၁
အဆောက်အဦ	-	၁.၂၀	၁.၂၀
စုစုပေါင်း	၀.၂၄	၂.၁၆	၂.၄၀

၆။	ဝန်ထမ်းအင်အား	- ၈၈၅ ဦး
	ပြည်တွင်း	- ၈၇၈ ဦး (ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၄၁,၆၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၅၉၀,၀၀၀ ဖြစ်ပါသည်။)
	ပြည်ပ	- ၇ ဦး (ပြည်ပဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ US$ ၁၆၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာUS$ ၂၀၀၀ ဖြစ်ပါသည်။)
၇။	ရောင်းချမည့်စနစ်	- ပြည်တွင်း ၂၀% - ပြည်ပ ၈၀%
၈။	နှစ်စဉ်ထုတ်လုပ်မှု ပုံမှန်နှစ် (ပြည်တွင်းရောင်း)	(table below)

စဉ်	ပစ္စည်းအမျိုးအစား	အရွယ်အစား	အရေအတွက် (Pcs)	ရောင်းချမည့်ဈေးနှုန်း (Kyat /Pcs)
(က)	Chair	Large	၁၄၈၀၀	၆၀,၀၀၀
(ခ)	Chair	Small	၄၉၀၀	၄၀,၀၀၀
(ဂ)	Table	Large	၅၅၂၀	၁၃၀,၀၀၀
(ဃ)	Table	Medium	၄၉၀၀	၁၂၀,၀၀၀
(င)	Table	Small	၇၀၄၀	၁၀၀,၀၀၀

(ပြည်ပအရောင်း)

စဉ်	ပစ္စည်းအမျိုးအစား	အရွယ်အစား	အရေအတွက် (Pcs)	ရောင်းချမည့်ဈေးနှုန်း (US$ /Pcs)
(က)	Chair	Large	၅၉၂၀၀	၆၀.၀၀
(ခ)	Chair	Small	၁၉၆၀၀	၅၇.၀၀
(ဂ)	Table	Large	၂၂၀၈၀	၁၅၅.၀၀
(ဃ)	Table	Medium	၁၉၆၀၀	၁၁၅.၀၀
(င)	Table	Small	၂၈၁၆၀	၉၅.၀၀

၉။	ကုမ္ပဏီ၏ဝင်ငွေ(ဆဋ္ဌမနှစ်မြောက်)	- ကျပ် ၁၇,၃၅၈.၄၁ သန်း
	ကုမ္ပဏီ၏အသုံးစရိတ်	- ကျပ် ၁၇၃၄၁.၂၉ သန်း
	ကုမ္ပဏီ၏အသားတင်အမြတ် (ဆဋ္ဌမနှစ်မြောက်)	- ကျပ် ၁၇.၁၂ သန်း
	CSR ၂ %	- ကျပ် ၀.၃၄ သန်း
၁၀။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်	
	ဝင်ငွေခွန်	- ကျပ် ၅.၇၁ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၁၄၁.၃၉ သန်း

	အရင်းကြေကာလ	- ၄ နှစ် ၄ လ
	အရင်းအနှီးအပေါ်အကျိုး အမြတ်ပြန်ပေါ်နှုန်း (IRR)	- ၉.၆၆ %
၁၀။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (နှစ်စဉ်)	- ၂၄၀,၀၀၀ kWh
၁၁။	အခြားတင်ပြချက်	- မြေပိုင်ရှင် ဦးချစ်ညီညီအမည်ဖြင့် မြေပိုင်ဆိုင်ကြောင်း မြေကွက် အပြီးအပိုင်ဝယ်ယူထားသည့် အရောင်းအဝယ် စာချုပ်မိတ္တူ၊ မြေစာရင်းပုံစံ ၁၀၅ နှင့် မြေစာရင်းပုံစံ ၁၀၆ မိတ္တူ၊ စက်မှုမြေအဖြစ်အသုံးပြုရန်အတွက် မြေတစ်ဧက လျှင် ကျပ်၂၀၀ သိန်းနှုန်းဖြင့် စုစုပေါင်း မြေဧရိယာ ၇.၅ဧက အတွက် ကျပ် ၁၅၀၀သိန်းအား မြန်မာ့စီးပွားရေး ဘဏ်တွင် ဖွင့်လှစ်ထားသော စက်ရုံအလုပ်ရုံများ တည် ထောင်ရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ငွေစာရင်း သို့ ၆-၁-၂၀၁၆ ရက်နေ့တွင် ဦးချစ်ညီညီမှ ပေးသွင်းပြီး ဖြစ်ကြောင်း ငွေသွင်း ချလံ အထောက်အထား တင်ပြထား ပါသည်။ - မြေပိုင်ရှင် ဦးချစ်ညီညီနှင့် Yong Cheng Co., Ltd. တို့ ချုပ်ဆိုမည့် မြေငှားစာချုပ်မူကြမ်းနှင့် ဆောက်လုပ်မည့် အဆောက်အဦ ဓါတ်ပုံ တို့ကို တင်ပြထားပါသည်။ - Mrs. Kuo, Lin Lee-Hsueh၊ Mr. Kuo, Chun-Lin Mr. Kuo, Chun-Chih နှင့် ဦးကြည်သန်း တို့ချုပ်ဆိုမည့် ဖက်စပ်စာချုပ် မူကြမ်း တင်ပြထားပါသည်။ - Yong Cheng Co., Ltd.၏ MOA, AOA မူကြမ်း တို့ကိုတင်ပြထားပါသည်။ - ဒါရိုက်တာစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ မှတ်ပုံတင် မိတ္တူ၊ Passport မိတ္တူများ တင်ပြထားပါသည်။ ငွေရေးကြေးရေးအထောက်အထားအဖြစ် E.Sun Bank (Hong Kong)၌ Mrs. Kuo Lin Lee Hsueh အမည် ဖြင့် ၁၅-၇-၂၀၁၆ ရက်နေ့ထိ လက်ကျန်ငွေ အမေရိကန် ဒေါ်လာ ၃၀၅,၉၅၈.၈၀ ရှိကြောင်း၊ Mr. Chun Lin အမည်ဖြင့် ၂၀-၇-၂၀၁၆ ရက်နေ့ထိ အမေရိကန်ဒေါ်လာ ၁၈၀,၉၃၈.၅၈ ရှိကြောင်း၊ Mr. Kuo Chun Chih အမည်ဖြင့်

		- ၂၀-၇-၂၀၁၆ ရက်နေ့ထိ အမေရိကန်ဒေါ်လာ ၁၂၀,၉၅၈.၉၁ ရှိကြောင်း နှင့် CB ဘဏ်၌ ဦးကြည်သန်း အမည်ဖြင့် ၃၀-၅-၂၀၁၆ ရက်စွဲဖြင့် ၁၀,၀၁၀,၀၀၀.၀၀ ကျပ် ရှိကြောင်း တင်ပြထားပါသည်။ - Yong Cheng Co., Ltd. မှ မီးဘေး ကာကွယ်ရေး အစီအစဉ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေးစီမံချက်၊ ဝန်ထမ်းသက်သာ ချောင်ချိ ရေးစီမံချက်၊ လစာခွန် ပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုစာတို့ကို တင်ပြထားပါသည်။
၁၂။	စိစစ်တင်ပြချက်	- ထုတ်လုပ်မည့်ပစ္စည်းများအား ပြည်ပ ၈၀% နှင့် ပြည်တွင်း ၂၀% ရောင်းချမည်ဖြစ်ရာ အမေရိကန်နိုင်ငံ နှင့် တရုတ်နိုင်ငံများသို့ တင်ပို့ ရောင်းချသွားမည်ဖြစ်ပါသည်။ - အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိကမြေတွင် ငှားရမ်း ဆောင်ရွက်ခွင့်ပြုရန်ကိစ္စအား စီးပွားရေးရာ ကော်မတီ၏ ၁၁/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ၁၅/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးမှ သဘောတူခွင့်ပြုပြီး ဖြစ်ပါသည်။ - အဆိုပြုလုပ်ငန်းနှင့် လုပ်ငန်းအမျိုးအစားတူ လုပ်ငန်းတစ်ခုအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေဖြင့် Aung Oo Wood Industry Co., Ltd. သို့ ၂၀၁၆ ခုနှစ် မတ်လ ၂၆ ရက်စွဲပါခွင့်ပြုမိန့်အမှတ် မနသ-၁၁၅၁/၂၀၁၆ ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊မရက-၂/ န-၁၅၃ /၂၀၁၆ (၉ ၅ ၅)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ**

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Yong Cheng Company Limited ရာဘာသစ်အခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာခြင်းကိစ္စ**

၁။ တရုတ်နိုင်ငံသား Mrs. Kuo, Lin Lee-Hsueh မှ ၅၀ %၊ Mr. Kuo, Chun-Lin မှ ၂၅%၊ Mr. Kuo, Chun-Chih မှ ၁၅% နှင့် မြန်မာနိုင်ငံသား ဦးကြည်သန်းမှ ၁၀% အစုရှယ်ယာများ ထည့်ဝင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Yong Cheng Company Limited တည်ထောင်ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥသာ(၉) ကျေးရွာအုပ်စု၊ အကွက်အမှတ် အထူးဇုန်(၁)၊ မြေကွက်အမှတ် ၃၅[က] နှင့် ၃၅[ခ] ရှိ မြေ ၅ ဧက (၂၀၂၃၄.၃ စတုရန်းမီတာ)ကို ငှားရမ်း၍ ရာဘာသစ်အခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ Yong Cheng Company Limited နှင့် မြေပိုင်ရှင် ဦးချစ်ညီညီ တို့ကြားချုပ်ဆိုမည့် မြေ ငှားရမ်းစာချုပ် (မူကြမ်း)၊ မြေအထောက်အထားများ၊ အဆောက်အဦ ဓာတ်ပုံများ၊ Mrs. Kuo, Lin Lee-Hsueh၊ Mr. Kuo, Chun-Lin Mr. Kuo, Chun-Chih နှင့် ဦးကြည်သန်း တို့ချုပ်ဆိုမည့် ဖက်စပ်စာချုပ် မူကြမ်း တင်ပြထားပါသည်။

၃။ လုပ်ငန်း ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥသာ(၉) ကျေးရွာအုပ်စု၊ အကွက်အမှတ် အထူးဇုန်(၁)၊ မြေကွက်အမှတ် ၃၅[က] နှင့် ၃၅[ခ] ရှိ မြေ ၅ ဧက (၂၀၂၃၄.၃ စတုရန်းမီတာ)အား တစ်နှစ်လျှင် တစ်စတုရန်းမီတာကို US$ ၃.၀၀ နှုန်းဖြင့် တစ်နှစ်ငှားရမ်းခ US$ ၆၀,၇၀၂.၉၀ ရရှိမည် ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၃၀ နှစ်နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်ဖြစ်ပါသည်။ တည်ဆောက်ရေးကာလ မှာ ၂၄ လ ဖြစ်ပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၂.၄၀ သန်းဖြစ်ပြီး အောက်ပါအတိုင်း ထည့်ဝင်ထားပါသည်-

		ပြည်တွင်း	ပြည်ပ	US$ (သန်း:) စုစုပေါင်း
(က)	ငွေသား	၀.၂၄	၀.၁၅	၀.၃၉
(ခ)	စက်ပစ္စည်း၊ကိရိယာများ	-	၀.၈၀	၀.၈၀
(ဂ)	ပရိဘောဂပစ္စည်းများ	-	၀.၀၁	၀.၀၁
(ဃ)	အဆောက်အဦ	-	၁.၂၀	၁.၂၀
	စုစုပေါင်း	၀.၂၄	၂.၁၆	၂.၄၀

၆။ လုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်း ဝန်ထမ်း(၈၇၈)ဦး နှင့် ပြည်ပ (၇) ဦး စုစုပေါင်း (၈၈၅)ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၄၁,၆၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၅၉၀,၀၀၀ ဖြစ်ပါသည်။ ပြည်ပဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ US$ ၁၆၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာUS$ ၂၀၀၀ ဖြစ်ပါသည်။)

၇။ အဆိုပြုလုပ်ငန်းမှ ထွက်ရှိလာသော ပစ္စည်းများကို ပြည်ပသို့ ၈၀% ရောင်းချမည် ဖြစ်ပြီး ပြည်တွင်းတွင် ၂၀%ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်(ဆဋ္ဌမမြောက်နှစ်) ထုတ်လုပ်မှုနှင့်ရောင်းချမှု ဈေးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ပစ္စည်း အမျိုးအစား	အရွယ်အစား	အရေအတွက် (Pcs) ပြည်တွင်း	ပြည်ပ	ရောင်းချမည့် ဈေးနှုန်း ပြည်တွင်း (Kyat /Pcs)	ပြည်ပ (US$/Pcs)
(က)	Chair	Large	၁၄၈၀၀	၅၉၂၀၀	၆၀,၀၀၀	၆၀.၀၀
(ခ)	Chair	Small	၄၉၀၀	၁၉၆၀၀	၄၀,၀၀၀	၅၇.၀၀
(ဂ)	Table	Large	၅၅၂၀	၂၂၀၈၀	၁၃၀,၀၀၀	၁၅၅.၀၀
(ဃ)	Table	Medium	၄၉၀၀	၁၉၆၀၀	၁၂၀,၀၀၀	၁၁၅.၀၀
(င)	Table	Small	၇၀၄၀	၂၈၁၆၀	၁၀၀,၀၀၀	၉၅.၀၀

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်(ဆဋ္ဌမမြောက်နှစ်)တွင် ကုမ္ပဏီမှရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

			ကျပ် (သန်း)
(က)	ဝင်ငွေ	-	၁၇,၃၅၈.၄၁
(ခ)	အသုံးစရိတ်	-	၁၇၃၄၁.၂၉
(ဂ)	အသားတင်အမြတ်	-	၁၇.၁၂

၉။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ (ဆဋ္ဌမမြောက်နှစ်)တွင်ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၅.၇၁ သန်း ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေ ကာလမှာ ၄ နှစ် ၄ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း(IRR)မှာ ၉.၆၆% ဖြစ်ပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့သို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘောထား ပြန်ကြား လာပါသည်-

(က) **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့** မှ အဆိုပြုမြေနေရာသည် ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ (၈-၂-၁၉၉၀) ရက်စွဲပါစာအမှတ်၊ ၃၈၄/၂-၇/တဝတ အရ စက်ရုံမြေအဖြစ် ခွင့်ပြုထားသည့် မြေအတွင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်၍ လက်ရှိ (သို့မဟုတ်) နောင်ပြုလုပ်မည့် မြို့ပြစီမံကိန်းကို ထိခိုက်ခြင်း မရှိပါကြောင်း၊ အဆိုပြု မြေနေရာအတွင်း လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နည်းပညာရရှိနိုင်၍ မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းများဖြစ်ပေါ်စေပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ပါကြောင်း၊ ဖော်ပြပါမြေနေရာအား စက်ရုံအဖြစ်သုံးစွဲခြင်း အပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု တို့အရ လက်ခံနိုင်မှုရှိပါကြောင်း၊ အဆိုပြုမြေနေရာသည် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ပဲခူး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပြန်လည်လွှဲပြောင်းထားသည့် (၁၇၂၅.၇၇) ဧက အတွင်းမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အထူးဇုန် (၁)၊ စိုက်ပျိုးရေးဇုန်အဖြစ် ဖော်ထုတ်ချ ထားပေးသည့် မြေနေရာအတွင်းရှိ ပြည်တွင်းစက်မှုမြေအဖြစ် အသုံးပြုမည့် မြေနေရာ ဖြစ်ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ် ပါကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ခြင်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်းသဘောထားပြန်ကြားထားပါသည်။

(နောက်ဆက်တွဲ - က)

(ခ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များကို အသုံးပြုရန်နှင့် အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံ ပူးပေါင်းဆောင်ရွက်မှု (Corporate Social Responsibility-CSR)အတွက် နှစ်စဉ်အမြတ်ငွေ၏ ၂%အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအားလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများ မဖြစ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environmental Examination) ကိုဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များအတိုင်း အစီရင်ခံစာ ရေးသားတင်ပြရန်၊ အဆိုပါလေ့လာဆန်းစစ်မှုကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စွန့်ပစ် ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Enviromental Management Plan-EMP)အား ရေးဆွဲတင်ပြ၍ စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် သဘောထား ပြန်ကြားထားပါသည်။ **(နောက်ဆက်တွဲ-ခ)**

(ကုမ္ပဏီမှ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီအစဉ် (IEE)အားတင်ပြထားပြီး ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) တို့ကို ဆောင်ရွက် သွားမည် ဖြစ်ကြောင်း တင်ပြထားပါ သည်။)

(ဂ) **စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ** အဆိုပြုမြေနေရာမှာ လ/န (၃၉)ခွင့်ပြုပြီး မြေ ၁၇၂၅.၇၇ ဧကအား ၂၀၁၂ခုနှစ်တွင် အမှတ် ၁ စက်မှုဝန်ကြီး ဌာနမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီး ၎င်းဧရိယာအတွင်း၌ ပြည်တွင်းစက်မှုဇုန်၊ ပြည်ပစက်မှုဇုန်၊ စိုက်ပျိုးရေးအထူးဇုန်၊ ရဲတပ်ရင်းမြေ၊ စတူဒီယို မြေများအဖြစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပြုမြေမှာ စိုက်ပျိုးရေး အထူးဇုန်တွင်း ပါဝင်ပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **(နောက်ဆက်တွဲ - ဂ)**

၁၁။ ငွေရေးကြေးရေးအထောက်အထားအဖြစ် E.Sun Bank (Hong Kong)၌ Mrs. Kuo, Lin Lee Hsueh အမည်ဖြင့် ၁၅-၇-၂၀၁၆ ရက်နေ့ထိ လက်ကျန်ငွေ အမေရိကန်ဒေါ်လာ ၃၀၅,၉၅၈.၈၀ ရှိကြောင်း၊ Mr. Kuo, Chun Lin အမည်ဖြင့် ၂၀-၇-၂၀၁၆ ရက်နေ့ထိ အမေရိကန်ဒေါ်လာ ၁၈၀,၉၃၈.၅၈ Mr. Kuo, Chun Chih အမည်ဖြင့် ၂၀-၇-၂၀၁၆ ရက်နေ့ထိ အမေရိကန်ဒေါ်လာ ၁၂၀,၉၅၈.၉၁ နှင့် CB ဘဏ်၌ ဦးကြည်သန်းအမည်ဖြင့် ၃၀-၅-၂၀၁၆ ရက်စွဲဖြင့် ၁၀,၀၁၀,၀၀၀.၀၀ ကျပ် ရှိကြောင်း တင်ပြထားပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များ၏ Passport မိတ္တူများနှင့် နိုင်ငံသားမှတ်ပုံတင် မိတ္တူ များကို တင်ပြထားပါသည်။

၁၂။ Yong Cheng Co., Ltd.မှ တည်နေရာပြမြေပုံ၊ လုပ်ငန်းသဘော သဘာဝရှင်းလင်းချက်၊ ရေနှင့်လျှပ်စစ်ဓါတ်အား ရယူသုံးစွဲမည့်အစီအစဉ်၊ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေးစီမံချက် အစီအစဉ်၊ လုပ်ငန်းခွင်သာယာ ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးနှင့်လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းများအတွက်ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်ထားရှိမည့် အစီအစဉ်များ ကတိဝန်ခံချက် တို့ကို တင်ပြထားပါသည်။

၁၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၄။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျင်းပသော ၃၀/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၅။ **စိစစ်တင်ပြချက်**

(က) အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိက မြေတွင် ငှားရမ်းဆောင်ရွက်ခွင့်ပြုရန်ကိစ္စအား စီးပွားရေးရာ ကော်မတီ၏ ၁၁/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ၁၅/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးမှ သဘောတူခွင့်ပြုပြီးဖြစ်ပါသည်။

(ခ) အဆိုပြုလုပ်ငန်းနှင့် လုပ်ငန်းအမျိုးအစားတူ လုပ်ငန်းတစ်ခုအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေဖြင့် Aung Oo Wood Industry Co., Ltd. သို့ ၂၀၁၆ ခုနှစ် မတ်လ ၂၆ ရက်စွဲပါခွင့်ပြုမိန့်အမှတ် မနသ-၁၁၅၁/၂၀၁၆ ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။

ဆုံးဖြတ်ရန်အချက်


၁၆။ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Yong Cheng Company Limited တည်ထောင်၍ ရာဘာသစ်အခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြလာခြင်းအပေါ် ခွင့်ပြုရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ (ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)
ဝ/

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ကန့်သတ်

D:\Yong Cheng\MIC -Memo.doc



နောက်ဆက်တွဲ-က

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့

စာအမှတ်၊ ၈ / ၁ - ၁၂ / ဦး ၈ (၂၅၂)

ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊သစ္စာလမ်း၊ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁.၉.၂၀၁၆) ရက်စွဲပါစာအမှတ်၊ မရက-၂ / န-၁၅၃ / ၂၀၁၆ (၆၄၇)

၁။ တရုတ်နိုင်ငံသား Mrs. Kuo Lin Lee – Hsueh မှ ၅၀%၊ Mr. Kuo Chun-Lin မှ ၂၅%၊ Mr. Kuo Chun-Chih မှ ၁၅% နှင့် မြန်မာနိုင်ငံသား ဦးကြည်သန်းမှ ၁၀% အစုရှယ်ယာများထည့်ဝင်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Yong Cheng Co.,Ltd. တည်ထောင်၍ မြေကွက်အမှတ်(၃၅^က+၃၅^ခ)၊ အထူးဇုန်(၁)၊ ဥသာ(၉)ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်ရှိ စုစုပေါင်းမြေ ၅ ဧက(၂၀၂၃၄.၃ စတုရန်းမီတာ)ကို ငှားရမ်း၍ ရာဘာသစ် အခြေခံပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာမှုနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ **ရည်ညွှန်းပါစာဖြင့်** ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားပြန်ကြားအပ်ပါသည်-

(က) အဆိုပြုမြေနေရာသည် ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၈.၂.၁၉၉၀) ပြည့်နှစ် ရက်စွဲပါစာအမှတ်၊ ၃၈၄/၂-၇/တ၀၀တ အရ စက်ရုံမြေအဖြစ် ခွင့်ပြုထားသည့်မြေအတွင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်၍ လက်ရှိ (သို့မဟုတ်) နောင်ပြုလုပ် မည့်မြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း၊

(ခ) အဆိုပြုမြေနေရာအတွင်း လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နည်းပညာရရှိနိုင်၍ မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းများဖြစ်ပေါ်စေပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ပါကြောင်း၊

(ဂ) ဖော်ပြပါမြေနေရာအား စက်ရုံအဖြစ်သုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်မှုရှိပါကြောင်း၊

2016 HO 11

(ဃ) အဆိုပြုမြေနေရာသည် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပြန်လည်လွှဲပြောင်းထားသည့် (၁၇၂၅.၇၇)ဧက အတွင်းမှ ပဲခူး တိုင်းဒေသကြီးအစိုးရအဖွဲ့၏အထူးဇုန်(၁)၊ စိုက်ပျိုးရေးဇုန်အဖြစ် ဖော်ထုတ် ချထားပေးသည့် မြေနေရာအတွင်းရှိ ပြည်တွင်းစက်မှုမြေအဖြစ်အသုံးပြုမည့် မြေနေရာဖြစ်ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်နိုင်သည့်မြေနေရာဖြစ်ပါကြောင်း၊

၃။ သို့ဖြစ်ပါ၍ Yong Cheng Co.,Ltd.မှ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၉)ရပ်ကွက်၊ အထူးဇုန်(၁)၊ မြေကွက်အမှတ်(၃၅^က^+၃၅^ခ^)၊ မြေဧရိယာ (၅)ဧက(၂၀၂၃၄.၃ စတုရန်းမီတာ)ကို ငှားရမ်း၍ ရာဘာသစ် အခြေခံပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြ အပ်ပါသည်။

(ဝင်းသိန်း)
ဝန်ကြီးချုပ်

မိတ္တူကို

ဝန်ကြီး၊ စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး
Yong Cheng Co.,Ltd.
လက်ခံစာတွဲ
မျှောစာတွဲ

MIC 284/5/9



ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊၀၀၁/ MIC(OSS) /၀၁(၂၁၆/၁၆)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ လ ၅ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Yong Cheng Co., Ltd. မှ ရာဘာသစ်အခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မရက-၂/ န-၁၅၃/ ၂၀၁၆(၆၄၆)

၁။ တရုတ်နိုင်ငံသား Mrs. Kuo Lin Lee-Hsueh မှ ၅၀%၊ Mr. Kuo Chun-Lin မှ ၂၅%၊ Mr. Kuo Chun-Chih မှ ၁၅% နှင့် မြန်မာနိုင်ငံသား ဦးကြည်သန်း မှ ၁၀% အစုရှယ်ယာများထည့်ဝင်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Yong Cheng Co., Ltd. တည်ထောင်၍ မြေကွက်အမှတ် (၃၅က) နှင့် (၃၅ခ)၊ အကွက်အမှတ် အထူးဇုန်(၁) ဥသျှ(၉) ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူးတိုင်းဒေသကြီးရှိ စုစုပေါင်းမြေ ၅ ဧက (၂၀၂၃၄.၃ စတုရန်းမီတာ)ကို ငှားရမ်း၍ ရာဘာသစ်အခြေခံပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ် (၃၀) နှင့် သက်တမ်းတိုး(၁၀)နှစ် (၂)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ (၂၄)လဖြစ်ကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးကာကွယ်ရေး အစီအစဉ်များကိုလည်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှ ရရှိလာမည့်အသားတင်အမြတ်ငွေ၏ (၂%) ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility - CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်း

ကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲ၍ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ Yong Cheng Co., Ltd. မှ ရာဘာသစ်အခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းများသိုလှောင်ခြင်း၊ လုပ်ငန်းအဆင့်ဆင့်မှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်အရည်များ၊ အနံ့အသက်များကြောင့် ပတ်ဝန်းကျင် ရေထု၊ လေထု၊ မြေထု ညစ်ညမ်းမှုဖြစ်ပေါ်နိုင်ခြင်း၊ စက်ရုံလည်ပတ်ခြင်းမှ ထွက်ရှိလာမည့်အမှုန်အမွှားများ၊ ဆူညံသံများကြောင့် လေထုနှင့် အသံညစ်ညမ်းခြင်းနှင့် စက်ရုံဧရိယာ ပတ်ဝန်းကျင်ရှိပြည်သူများအား ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊ သစ်လုံးခွဲရာတွင် လွှများ၊ အခြားစက်ကိရိယာပစ္စည်းများအား စနစ်တကျတပ်ဆင်ခြင်းမရှိပါက အလုပ်သမားများ မတော်တဆဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

၄။ Yong Cheng Co., Ltd. မှ ရာဘာသစ်အခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ရာတွင် တရားဝင်သစ်စက်လိုင်စင်ရှိရန် လိုအပ်မည်ဖြစ်ပြီး၊ ပဲခူးတိုင်းသစ်တောဦးစီးဌာနသို့ လျှောက်ထားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ Yong Cheng Co., Ltd. မှ ရာဘာသစ်အခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင်ဖော်ပြထားသည့်လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်

ငွေ၏ (၂%) အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမရှိစေရေး(သို့မ ဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination - IEE)** ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များအတိုင်း အစီရင်ခံစာ ရေးသားတင်ပြရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း / စွန့်ပစ်အရည်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP)** ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ် နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်း ညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူ များ၏ ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဥာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး
ရုံးလက်ခံ



MIC, ၁၁၇ / ၃၀၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဝန်ကြီးရုံး

၁၅.၂၅၇၁
8.9.16

စာအမှတ်၊ ၁၁ / YC (၅၇၄ /၂၀၁၆)(လဆ)
ရက်စွဲ၊၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်း

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁. ၉. ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ မရက-၂/ န-၁၅၃/ ၂၀၁၆ (၆၄၈)

၁။ တရုတ်နိုင်ငံသား Mrs. Kuo Lin Lee-Hsueh မှ ၅၀%၊ Mr. Kuo Chun-Lin မှ ၂၅%၊ Mr. Kuo Chun-Chih မှ ၁၅% နှင့် မြန်မာနိုင်ငံသား ဦးကြည်သန်းမှ ၁၀% အစုရှယ်ယာများ ထည့်ဝင်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Yong Cheng Co., Ltd. တည်ထောင်၍ မြေကွက်အမှတ်(၃၅က) နှင့် (၃၅ဃ)၊ အကွက်အမှတ်အထူးဇုန် (၁)၊ ဥသာ(၉) ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူးတိုင်းဒေသကြီးရှိ စုစုပေါင်းမြေ ၅ ဧက(၂၀၂၃၄.၃ စတုရန်း မီတာ) ကိုငှားရမ်း၍ ရာဘာသစ်အခြေခံပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့ အဆိုပြုတင်ပြလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၏ သဘောထားကို ပြန်ကြားပေးပါရန် MIC မှ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာ ရပ်ခံလာပါသည်။

၂။ ယင်းကိစ္စနှင့်ပတ်သက်၍ အဆိုပြုတင်ပြလာသော မြေနေရာအား စိစစ်ခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က)တင်ပြစာပါ မြေနေရာမှာ ပဲခူးတိုင်းဒေသကြီး ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၏ (၈.၂.၁၉၉၈) ရက်စွဲပါ စာအမှတ် - ၃၈၄/ ၂-၇/ တ.ဝ.တ အရ စက်မှု(၁)ဝန်ကြီးဌာနပိုင် မြေအဖြစ်(၁၇၂၅.၇၇)ဧကအား လ/န(၃၉) ခွင့်ပြုချထားပေးသောမြေအတွင်း ပါဝင်ပါကြောင်း၊

(ခ) အဆိုပါ လ/န(၃၉)ခွင့်ပြုပြီး မြေ(၁၇၂၅.၇၇)ဧက အား ၂၀၁၂ခုနှစ် တွင် အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီး ၎င်း ဧရိယာအတွင်း၌ ပြည်တွင်းစက်မှုဇုန်၊ ပြည်ပစက်မှုဇုန်၊ စိုက်ပျိုးရေးအထူးဇုန်၊ ရဲတပ်ရင်းမြေ၊ စတူဒီယိုမြေများအဖြစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တင်ပြစာပါမြေမှာ စိုက်ပျိုးရေးအထူးဇုံအတွင်း ပါဝင်ပါကြောင်း၊

(ဂ) အဆိုပါမြေအား ဦးချစ်ညီညီ ဆိုသူမှ လွဲပြောင်းရယူခဲ့ပြီး အကွက်အမှတ်(၃၅/က)၊ ဧရိယာ (၂.၅၀) ဧက နှင့် အကွက်အမှတ်(၃၅/ခ)၊ ဧရိယာ(၂.၅၀)ဧက၊ စုစုပေါင်းဧရိယာ (၅.၀၀)ဧက သည် စိုက်ပျိုးရေးအထူးဇုန်မြေအတွင်းမှဖြစ်သော်လည်း စက်မှုလုပ်ငန်းသုံးမြေအဖြစ် အသုံးပြုရန် လျှောက်ထားခဲ့မှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၆.၁.၂၀၁၆) ရက်စွဲပါစာအမှတ် -၇/ ၁-၂၀/ ထောက် ၃ (၀၀၄) ဖြင့် မြေဧရိယာ(၁)ဧကလျှင် ကျပ်သိန်း(၂၀၀)နှုန်းဖြင့် ပေးသွင်းသွားရန် အကြောင်းကြားခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော စက်ရုံအလုပ်ရုံများ တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ငွေစာရင်းအမှတ် သို့ (၆.၂.၂၀၁၆) ရက်နေ့တွင် ပေးသွင်းပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါ မြေနှင့်ပတ်သတ်၍ စက်မှုလုပ်ငန်းမြေ အသုံးပြုရန်အတွက် ဦးချစ်ညီညီ အမည်ဖြင့် စက်မှုမြေငှားဂရန် လျှောက်ထားလာပါက လုပ်ထုံးလုပ်နည်း နှင့်အညီဆောင်ရွက်သွားရန် ပဲခူးမြို့ စက်ရုံအလုပ်ရုံများ တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ မှ (၁၁.၁.၂၀၁၆) ရက်စွဲပါစာအမှတ် - ၇/ ၁-၂၀/ ထောက် ၃ (၀၂၆) ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားပြီးဖြစ်ပါကြောင်း စိစစ်တွေ့ရှိရမှုအခြေအနေအား ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သက်နိုင်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူ။

- ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ စီမံကိန်းဦးစီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်၊ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန၊
- ရုံးလက်ခံ
- မျှောစာတွဲ